# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့ အစည်းအဝေး - ၂၉ စက်တင်ဘာ ၂၀၂၁

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ (Acronyms)။ ။ MIMU, UNICEF, NRC, BIMM, ILO, CSI, YFS, VNG, LWF, WF, MDM, WFP, MRCS, Nyein, AMM, ECDC, The ILF, DRC-DDG, AN, JOICFP, MEET, UNION, CHAI, UNFPA, Ipas, UN Women, MAG, SWISSAID, MEDG, ADRA, WVM, CPI, MAM, PCMM, UWS, BS, AMDA, SP, ACF, ARC, Jhpiego, MSU, GLAD, AFXB, MCC, WAMM, TAF, UN-Habitat, CARE, KWEG, AHRN (73 participants from 51 agencies)

## 1 MIMU Place Names and Place Codes - MIMU

အောက်ပါ တို့ကို အဓိက ထား ဆွေးနွေးခဲ့သည်။

- MIMU Place Names များ နှင့် Place Codes (Pcode) အကြောင်း
- တည်ဆောက်မှု structure
- Database ထဲ တွင် သိမ်းဆည်း ထားပုံ
- ပြောင်းလဲမှု များ ကို Pcode တွင် update လုပ်ပုံ
- Pcode ကို အသုံးချနိုင်မှု နှင့် ထုတ်ကုန်များ
- Pcode ကို ရယူနိုင်ရန် နည်းလမ်းများ

Pcode ခေါ် Place Codes များ ကို ၂၀၀၈ မှ စ၍ ပြုစုခဲ့ပြီး နိုင်ငံ အဝှမ်း အုပ်ချုပ်မှု ဆိုင်ရာ ဒေသ တိုင်း ကို လွှမ်းခြုံသော ရည်ညွှန်း သင်္ကေတများ ဖြစ်သည်။ နာဂစ်မုန်တိုင်း တုံ့ပြန်မှု တွင် Pcodes ၏ အခန်းကဏ္ဍ ပိုမို ကျယ်ပြန့်လာကာ ယခင် မြို့နယ် အဆင့် မှ ကျေးရွာများ အဆင့်ထိ code များကို မုန်တိုင်း သက်ရောက်ရာမြို့နယ်များအတွက် ဦးစားပေး ပြုလုပ်ခဲ့သည်(version 1)။ ထို့နောက် version 2 မှ စ၍ တစ်နိုင်ငံ လုံး မှ မြို့နယ်အားလုံးရှိ ကျေးရွာများနှင့် ရပ်ကွက်များအဆင့်ထိ ပါဝင်လာသည်။ ယနေ့ presentation ၏ အဓိက ရည်ရွယ်ချက်မှာ Pcode အသုံးပြုမှုသည် အရေးကြီးသောကြောင့် အသုံးပြုရာတွင် သတိထားနိုင်ရန် နှင့် နောက်ဆုံး update version 9 မှ ပြောင်းလဲမှု များ ကို ရှင်းလင်းစွာ သိစေရန် ဖြစ်သည်။

Pcodes များ အသုံးဝင် ရခြင်း မှာ အောက်ပါတို့ကြောင့် ဖြစ်သည်။ နေရာ တိုင်း အတွက် ထပ်တူမညီပဲ သီးသန့်သီးခြား ဖြစ်ခြင်း၊ အမည် တစ်ခုတည်း သုံးခြင်း၏ မသေချာမှု ကို ရှောင်နိုင်ရန် (ဥပမာ - မင်းလှ နှစ်ခု ဖြစ်နေခြင်း)၊ အချက်အလက် ဖလှယ်မှု လွယ်စေရန်၊ အင်္ဂလိပ် စာလုံးပေါင်း စံထားရန် (အသံထွက် ကို အခြေခံ ၍ အင်္ဂလိပ်အက□ရာ ပြောင်းလဲထားသော အမည်များ)၊ မတူညီသော dataset များ ကို နှိုင်းယှဉ်ပေါင်းစပ်ခြင်း အစရှိသည် တို့ကို လုပ်ဆောင်နိုင်စေရန်

ထို့နောက် မြန်မာနိုင်ငံ ၏ အုပ်ချုပ်ရေးယူနစ်အဆင့်ဆင့်ပုံစံ နှင့် ၎င်းတို့အား သတ်မှတ်သည့် ကုဒ်ပုံစံတို့ကို ရှင်းပြခဲ့သည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ ကျေးရွာ အစရှိသဖြင့် ခွဲခြားပုံ များ ကို အသေးစိတ်ရှင်းပြခဲ့သဲ့သည်။ ယေဘုယျအားဖြင့် PCode ပုံစံသည် သီးခြား ဂဏန်း ၆ လုံးကုဒ် ပုံစံပေးထားသည့် ကျေးရွာအဆင့်မှအပ ကျန်အဆင့်များတွင် အထက်အုပ်ချုပ်မှုယူနစ်ကို မှီခိုနေသည့်ပုံစံကုဒ်များဖြစ်ပါသည်။ ပူးတွဲပါ slides များ ကို ကြည့်ပါ။

Pcode များ ကို update လုပ်ရန် အတွက် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ နှင့် ရပ်/ကျေးစာရင်းစာအုပ်များ ကို အခြေခံ ၍ လုပ်ဆောင်သည်။ ရပ်/ကျေးစာရင်းစာအုပ် မှာ ရံဖန်ရံခါ မှ ထွက်သောကြောင့် (နောက်ဆုံး မှာ ၂၀၁၈ ဒီဇင်ဘာလ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်စာ များ အပေါ် မူတည်၍ ပြင်ဆင်ခြင်း က ပိုမို အဆင်ပြေပြီး အချိန်နှင့် တစ်ပြေးညီဖြစ်စေပါသည်။ ပုံမှန် အားဖြင့် တစ်နှစ်အတွင် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများကို စု၍ MIMU Pcode ကို ဖြည့်စွက်ပြင်ဆင်မှုများပြုလုပ်ပြီး နှစ်စဉ် ပြုစုထုတ်ဝေပါသည်။

Pcode table structure တည်ဆောက်ပုံ ကို ရှင်းပြရန် အတွက် အမျိုးအစား ၈ ခု ထည်း မှ ကျေးရွာ table ကို ဥပမာ ပြခဲ့သည်။ ပါဝင်သော column လိုက် အချက်အလက် အမျိုးအစား များ ကို တစ်ခုချင်း ရှင်းပြပြီး သတိထား ရမည့် အချက် တချို့ ဖြစ်သည့် Commonly used local name(ဒေသခေါ် အမည်)၊ Source၊ Change Type နှင့် Status တို့အကြောင်းကို အသေးစိတ် ပြောခဲ့သည်။ change type သည် version 9 မှ စပါလာခြင်း ဖြစ်ပြီး စာရင်းဖျက်၊ ခွဲထုတ်၊ ပေါင်းစည်း၊ နာမည်ပြောင်း၊ တိုးမြှင့်ဖွဲ့စည်း အစရှိသည့် ပြောင်းလဲမှုများ ကို ဖော်ပြရန် ဖြစ်သည်။ဆက်လက်၍ ပြောင်းလဲမှုများ ကို တစ်ခုခြင်းဆီ အလိုက် ဥပမာများပေး၍ ပြောခဲ့သည်။ ပူးတွဲပါ slides များ ကို ကြည့်ပါ။

ရွာအမည်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော အမည်များအပြင် ဒေသခံများမှ ခေါ်ဝေါ်သုံးနှုန်းသော အမည်များရှိပါက “Commonly used local name” ကော်လံတွင် ထည့်သွင်းသိမ်းဆည်းထားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်/ကျေးစာရင်းမှ ပယ်ဖျက်ထားသော ကျေးရွာများကို “GAD Status” တွင် “Inactive” ဖြင့် တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်/ကျေးစာရင်းတွင် ပြဌာန်းထားသော ကျေးရွာများသာမက မြေပြင်ပေါ်တွင် အမှန်တကယ်တည်ရှိပြီး ထွေ/အုပ်၏ စာရင်းတွင် မရှိသေးသော ကျေးရွာများကို အဖွဲ့အစည်းများ၏ အကူအညီဖြင့် MIMU PCode တွင် ဖြည့်စွက်ထည့်သွင်းထားပါသည်။

Pcode products များ ကို Place Codes (Pcodes) စာမျက်နှာ တွင် ရနိုင်သည်။ Admin structure နှင့်ဆိုင်ရာ စာရွက်စာတမ်း နှင့် report များ၊ Pcode datasets များ (ပြည်နယ်တိုင်းဒေသကြီး အလိုက်၊ နိုင်ငံအဝှမ်း)။ ဆက်၍ ကျေးရွာများ၏ GPS coordinates များ ရနိုင်မှု အခြေအနေပြမြေပုံ ကိုပြသ၍ ရွာများ ၏ ၇၈% သာ GPS coordinates များ ရှိကြောင်း၊ Pcode ဖြည့်စွက်ပြင်ဆင်မှု လုပ်တိုင်း အဆိုပါ မြေပုံ ကိုပါ တစ်ပါတည်း ပြင်ဆင်မှု လုပ်ကြောင်း ရှင်းပြသည်။

PCode version တစ်ခုမှ တစ်ခုသို့ ပြောင်းလဲမှု များ ကို Historical changes ဟူ၍ report ထွက်သည်။ ထို့အပြင် ပြောင်းလဲမှုများကို မြေပုံ ဖြင့် လည်း ပြသည်။

ဆက်လက်၍ နောက်ဆုံး ဇန်နဝါရီ ၂၀၂၁ တွင် ထွက်ရှိထားသော PCode (version 9.3) မှ admin unit များ ကို အကျဉ်းချုပ် ထားသော ဇယား ကို ပြသခဲ့သည်။ အဆိုပါ 9.3 version သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၀ ဒီဇင်ဘာလ အထိ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအထိ ပြုစုထားသော စာရင်းဖြစ်ပါသည်။

MIMU PCode အား ပြင်ဆင် ဖြည့်စွက်အကြံပြုမှုများ ပြုလုပ်လိုပါက မိတ်ဖက်အဖွဲ့ များ မှ Pcode request form ကို သုံး၍ ပြုလုပ်ပေးစေလိုပါသည်။ မြေပြင်မှ သတင်းပေးပို့သည့် ကျေးရွာအားလုံးကို ကုဒ်ပေးမှုနှင့် ပတ်သက်သော ကန့်သတ်ချက် များ ကို လည်း ရှင်းပြခဲ့သည်။

မေးခွန်းများမေးမြန်းဆွေးနွေးရာတွင် ခရိုင်ဖွဲ့စည်းပုံပြောင်းလဲမှုများကြောင့် Intercensal survey နှင့် PCode 9.3 ကွာခြားခြင်း၊ Field နှင့် GAD ကြား ကွာခြားချက်များ၊ SAD / SAZ များ တွင်ပါဝင်သော မြို့နယ်များ၊ field team များ မှ data ကောက်ပုံ process (3W feedback များမှ တဆင့်၊ manual review ကို google map အစရှိသည်တို့လုပ်၍)၊ Pcode မှ location ကို agency များ မှ တောင်မြောက် ခွဲ၍ လုပ်ဆောင်သော အခါ Pcode အတိုင်းသာ ထည့်ပေးရန်၊ ဆွေးနွေးခဲ့သည်။

## 2 Pcoder tool - MIMU

MIMU Pcoder ဆိုသည်မှာ နေရာဒေသအမည် (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ၊ မြို့နယ်၊ မြို့ ကျေးရွာအုပ်စု၊ ကျေးရွာ၊ ရပ်ကွက်) များအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ နာမည် စာလုံးပေါင်း အတိုင်း ကိုက်ညီစေရန် ယှဉ်တွဲဖော်ပြပေးခြင်း/ တိုက်စစ်ပေးခြင်းနှင့် MIMU Pcode အား အလိုအလျောက် ထည့်သွင်းပေးသည့် Microsoft Excel တွင် ထည့်သွင်း အသုံးပြုရသော add-in tool ဖြစ်ပါသည်။
ဆက်လက်၍ Excel (2007 နှင့် အထက်) တွင် MIMU Pcoder ထည့်သွင်းခြင်း ကို တဆင့်ခြင်း နှင့် လိုအပ်ချက်များ ပါ အပါရှင်းပြခဲ့သည်။
ထို့နောက် Pcoder အသုံးပြုစဉ် ဆောင်ရန် ရှောင်ရန် များ ကို ပြောသည်။ အသေးစိတ် ကို ပူးတွဲပါ slides တွင် ကြည့်ရန်။
Pcoder အသုံးပြုခြင်း ကို ဥပမာ excel file ဖြင့် ကို အသေးစိတ်ပြသခဲ့သည်။
MIMU Pcoder ကို ဖော်ပြပါ link တွင် ရယူနိုင်ပါသည်။ https://themimu.info/sites/themimu.info/files/documents/MIMU_PCoder.zip

| | |
|---|---|
| | လက်တွေ့အသုံးပြုပုံ လမ်းညွှန်ချက် အသေးစိတ်အား ဖော်ပြပါ link တွင် ကြည့်ရှုနိုင်ပါသည်။ https://themimu.info/sites/themimu.info/files/documents/MIMU_Pcoder_Guildeline_12Mar2021_MMR.pdf |
| 3 | **အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ**<br>**CPI** - COVID-19 နှင့် ပတ်သက်၍ မိတ်ဖက် အဖွဲ့များ မှ ကုသ၍ ရရှိလာသော အချက်အလက်များ ကို မှတ်သားနိုင်ရန် android app တစ်ခု လုပ်နေပါသည်။ Internal use အတွက် လည်း အဆိုပါ အချက်အလက် များ ကို ပြနိုင်ရန် Google Data Studio ဖြင့် dashboard တစ်ခု လုပ်နေပါသည်။<br>**CSI** - Data နှင့် ပတ်သက်၍ ၂၀၂၀ နှောင်းပိုင်း တွင် အစီအစဉ် ချပြီး ၂၀၂၁ တွင် အကောင်အထည်ဖော်သည် မှာ output tracker ဖြစ်သည်။ လုပ် လာသော project များ လာ သည်နှင့် အမျှ အချက်အလက်များ စုစည်းရန် ခက်ခဲလာသောကြောင့် လုပ်ဖြစ်ခြင်း ဖြစ်သည်။ ၎င်း မှ excel database သာ ရ၍ visualization လုပ်ရန် စဉ်းစားနေသည်။ Output tracker သည် internal use သာ ဖြစ်သည်။<br>**WFP** - Food security cluster အတွက် ကောက်ခံ ရလာသော 5W အချက်အလက် ကို Food security cluster website တွင် IM products များ အနေဖြင့် တင်သည်။<br>https://fscluster.org/myanmar<br>**ILO** - child labor and Covid 19 survey လုပ်ခဲ့ပြီး brochure ထွက်ရန်ရှိသည်။ Post KAP survey ကိုလည်း ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ရေးမြို့နယ် တို့တွင် လုပ်ရန်ရှိသည်။ ၂၀၂၁ အကုန်ခန့်တွင် အထက်ပါ target ဒေသ သုံးခု မှ ကလေး ၃၆၀၀ အပေါ်တွင် endline survey လုပ်ရန်ရှိပါသည်။ ၂၀၂၂ Q1 တွင် report ထွက်လာရန် မျှော်မှန်းသည်။<br>**World Vision Myanmar**- Humanitarian assessment တစ်ခု လုပ်ရန်ရှိသည်။ ၃၂ programme areas တွင် အလုပ်လုပ်နေသည်။<br>**JOICFP** - အိမ်မဲ နှင့် ဝါးခယ်မ မြို့နယ်များ တွင် ၂၀၂၂ ထိ မိခင် နှင့် မျိုးဆက်ပွါး ကျန်းမာရေး လုပ်ငန်း များ လုပ်ဆောင်နေသည်။ COVID-19 အတွက် PPE များ လည်း ထောက်ပံ့သည်။<br>**MIMU** - 3W အချက်အလက် များ စတင်ကောက်ခံနေပြီ ဖြစ်သည်။ IM workshop များ လည်း စတင်တော့မည် ဖြစ်ပြီး သင်တန်းသူ သင်တန်းသား များ စိစစ်ရွေးချယ်မှု အခြေအနေကို ရှင်းပြခဲ့သည်။ |
| 4 | **အခြားဆွေးနွေးမှုများ** |

| | |
|---|---|
| | Data Protection နှင့် ပတ်သက်ပြီး အကြံပေး ဆွေးနွေး ခဲ့သည်။<br>နောက်လ meeting ကို နောက်ဆုံး အပတ် ဗုဒ္ဓဟူး အောက်တိုဘာ ၂၇ ရက်တွင် လုပ်ပါမည်။ |